# ကျေးဇူးဂုဏ်ရှိန် ထူး ထိန် ထွန်းမို့
# ဦးနှိမ်ညွှတ်လို့ ရှိခိုးမယ်

စာရေးသူက မစိုးရိမ်စာသင်သားဟောင်း။ မစိုးရိမ်မှာနေခဲ့ပြီး မစိုးရိမ်ဆရာတော်များဆီက ပညာတွေ လေ့လာဆည်းပူးခဲ့တာ။ ဆိုတော့ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ်တယ်ဖြစ်မှာစိုးလို့ မစိုးရိမ်နဲ့ မစိုးရိမ်ဆရာတော်များအကြောင်း မပြောလိုခဲ့ဘူး။ သို့ပေမယ့် မစိုးရိမ်ဆရာတော်ကြီးကျေးဇူးမကင်းလို့ မစိုးရိမ်အပေါ်သံယောဇဉ်ရှိတဲ့ မိတ်ဆွေတွေက မစိုးရိမ်နဲ့ မစိုးရိမ်ဆရာတော်ကြီးအကြောင်း ပြောပြဖို့တိုက်တွန်းကြတယ်။ မစိုးရိမ်ကျောင်းတိုက်ကြီးကတော့ ပရိယတ္တိနယ်ပယ်မှာ၊ မြန်မာနိုင်ငံနယ်ချဲ့အောက်ကလွတ်မြောက်ရေး၊ အာဏာရှင်များအောက်ကလွတ်မြောက်ရေး၊ အမျိုးသား ရေးလှုပ်ရှားမှုမှန်သမျှမှာ၊ ထိပ်ဆုံးကရှိတဲ့ကျောင်းတိုက်ကြီးတစ်ခုဖြစ်တယ်လို့ဆိုလိုက်လျင် အတန်ခြုံငုံမိမှာပါ။ ဒီနေရာမှာ မစိုးရိမ်ကျောင်းတိုက်ထက် မစိုးရိမ်ဆရာတော်ကြီး ဦးကောဝိဒါဘိဝံသအကြောင်းကိုပဲ ပြောချင်ပါတယ်။



မစိုးရိမ်ဆရာတော်ကြီး စံလွန်တော်မူတဲ့သတင်းကို ကြားမိတဲ့ ဒကာတစ်ဦးက မစိုးရိမ်ဆရာတော်ကြီးရဲ့ သူမတူ ထင်ရှားတဲ့ သင်္ကေတစ်ခုကို ပြောပြနိုင်မလားလို့ လျှောက်တယ်။ ဒါများခက်တာမှတ်လို့။ ဒီလိုထင်လိုက်တယ်။ တကယ်ပြောမယ်ဆိုတော့ ဘာကိုပြောရမယ်ဆိုတာ ဝေခွဲမရ ဖြစ်မိတယ်။ စိုးရွံ့စိတ်လည်း ဝင်လာမိတယ်။ ဟုတ်တယ်လေ။ ဆရာတော်ဘုရားကြီးမှာက သူမတူ၊ ဘယ်သူမှ မတုနိုင်တဲ့ ဂုဏ်တွေဆိုတာက အများကြီး။ ဒီတော့ ဂုဏ်ရှားလို့ ပြောဖို့ခက်တာ မဟုတ်ပဲ၊ ဂုဏ်များလို့ အခက်တွေ့ဖြစ်နေရတာ။ ကိုယ်ချီးပမည့် စကားလုံးဒြပ်တွေက ဆရာတော်ကြီးရဲ့ အရှိဂုဏ်ကို ထပ်ချပ်အမှီ မဖြစ်နိုင်မှာမို့ ဂုဏ်နဲ့ဒြပ် တပ်ထပ်တည်း မကျမှာကို စိုးရိမ်တာ။ သို့ပေမယ့် ကိုယ်သိထားသမျှလေးထဲက အထင်ရှားဆုံးလို့ ယူဆတဲ့ ဂုဏ်တစ်ပုဒ်ကို ရုတ်တရက်ပဲ ပြန်ပြောဖြစ်လိုက်တယ်။

အဲဒါက 'ယနေ့ခေတ် နှစ်ငါးဆယ်အတွင်း ဓမ္မာစရိယစာမေးပွဲသမိုင်းမှာ ပါရာဇိကဏ်ကျမ်းစာနှင့် ပတ်သက်လျင် ဆရာတော်ကြီးဟာ အအောင်မြင်ဆုံး၊ အကျော်ကြားဆုံး၊ စာလိုက်တပည့်သံဃာအများဆုံး၊ နံပါတ်တစ်၊ နံပါတ် ဝမ်း၊ **Second to None/** စာချဆရာတော်တစ်ပါးဖြစ်တယ်' ဆိုတာပါ။ စာရေးသူရဲ့ အဖြေကို မြန်မာတစ်နိုင်ငံလုံးရှိ ဘယ်ရဟန်းပညာရှိတစ်ဦးတစ်ယောက်ကမှ ကန့်ကွက်လိမ့်မယ် မဟုတ်ပါဘူး။ ငြင်းမည့်သူလည်း မရှိနိုင်ပါဘူး။ ဒီလောက်ထိသာသနာအတွက် အကျိုးများခဲ့တဲ့ဆရာတော်ကြီးပါ။ ဒီအတွက် ထင်ရှားအောင် အနည်းငယ် ချဲ့ပြောပြချင်ပါတယ်။

နေ့လည် ၁၂ နာရီတိတိအချိန်ဆိုတာက အများစုစာသင်သားတွေ နေ့ဆွမ်းစားအပြီး ခေတ္တနားချိန်။ မွန္တလေးဆိုတာကလည်း နေကတစ်နှစ်ပတ်လုံးပူပြီး အမြဲတန်းချွေးတစီးစီးနဲ့ ပူအိုက်ပြီးနေတတ်တာ။ ဒီလိုစာသင်သားအများစု အနားယူတတ်ချိန်မျိုး၊ အပူရှိန်တောက်တောက်အချိန်မျိုးမှာမှ ဓမ္မာရိယစာဝါများထဲမှာ အခက်ခဲဆုံး၊ နည်းပရိယာယ်အကြွယ်ဆုံးဖြစ်တဲ့ ပါရာဇိကဏ်စာဝါကို ဆရာတော်ကြီးက ပို့ချခဲ့တာ။ ဒီအချိန်မှာ ဒီစာဝါကိုရွေးပြီး ပို့ချတဲ့ ဆရာတော်ဘုရားကြီးရဲ့ မိမိစွမ်းရည်အပေါ်ယုံကြည်မှု ဘယ်လောက်ခိုင်မာသလဲဆိုတာ ဒီတစ်ခုထဲနဲ့ မှန်းဆသိနိုင်ပါတယ်။

နောက်ပြီး မန္တလေးမြို့ဆိုတာက စါချအကျော်အမော်ဆရာတော်တွေ အများစု နေတဲ့မြို့။ ခေတ်မီမီ ပြောရလျင် ကန်ပက်တီးရှင်း သိပ်များတဲ့မြို့။ ပြိုင်ဆိုင်မှုများတဲ့မြို့။ စာသင်သံဃာတွေအနေနဲ့ ဆရာရွေးဖို့ အခွင့်အလမ်းအပေါဆုံးမြို့။ ဒီအထဲ ဓမ္မာစရိယတန်းလိုစာဝါမျိုးဆိုတာကလည်း စာလိုက်သံဃာတော်တွေအနေနဲ့ လွတ်လွတ်လပ်လပ် ကိုယ့်ရွေးချယ်မှုနဲ့ စာတက်တတ်ကြတာ။ စာသင်နှစ်စ တစ်ပတ်ဆယ်ရက်ခန့် အစမ်းတက်ရောက်ကြည့်လို့ ဒီစာချဆရာ မဟန်ဘူးထင်လို့ကတော့ တာ့တာပဲ။ ဘယ်ကိုယ်တော်မှ တတောင်ပွန်းခံ၊ ဒူးပွန်းခံပြီး ဆက်လက်တက်နေမယ် မဟုတ်ဘူး။ ဒီလိုအနေအထားမျိုးမှာ စာသင်သားသံဃာတွေ အနားယူလိုတတ်တဲ့ နေမွန်းတည့် ၁၂ နာရီတိတိ အချိန်မျိုးမှာမှ ဆရာတော်ဘုရားကြီးက ဓမ္မာစရိယကျမ်းစာများထဲမှာ အခက်ခဲဆုံး ကျမ်းစာဝါကို ရွေးပြီးပို့ချတာ။

တကယ်ဆို စာဝါချိန်က စာလိုက်သံဃာနည်းပါးဖို့ အကြောင်းပေါင်း စုံနေတာ။ သို့ပေမယ့် ဆရာတော်ဘုရားကြီးရဲ့ စာဝါကို လိုက်ခွင့်ရဖို့က ရောမ အခွင့်အရေးကြီးတစ်ခု။ထိုင်စရာတစ်နေရာရဖို့ နေရာကို ကြိုတင် ဦးကြရတာ။ သတ်သတ်မှတ်မှတ် ကိုယ့်နေရာလေး မတည်မြဲမီ ပထမတစ်ပတ်လောက်အတွင်းမှာဆို ကုန်းကုန်းကွကွ ဒူးချစရာနေရာလေးတစ်နေရာရဖို့ သူ့ထက်သူဦးအောင် ကြိုတင်သွားပြီး သင်းပိုင်လေးတွေ ခင်းကြရတာ။ နို့မဟုတ်လို့ကတော့ လှေခါးခုံပေါ်မှာ၊ ကျောင်းရှေ့သစ်ပင်ရိပ်အောက်မှာ တစ်ဝါတွင်းလုံး နေရာယူပေတော့။ အဲဒီလိုကို ဆရာတော်ဘုရားကြီး စာဝါက စာလိုက်သံဃာများအကြား ရေပန်းစားတာ။

ရေပန်းမစား နေပါရိုးလား။ ဆရာတော်ကြီးက ခက်ခဲတဲ့ကျမ်းစာကြီးကိုပဲ နားလည်လွယ်အောင် ပို့ချနိုင်စွမ်းတာ၊ ဟာသဉာဏ်ရွှင်ရွှင်နဲ့ စာသင်သားတွေရဲ့စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်တာ၊ စာပေဗဟုသုတတင်မက အထွေထွေ ဗဟုသုတကိုပါ ပေးနိုင်စွမ်းတာ၊ ဒါတွေက ဆရာတော်ကြီးရဲ့ အစွမ်းအစ။ ကိုယ်ကျင့်တရားပိုင်းကြပြန်တော့ အာဏာမမက်၊ ရာထူးမမင်၊ လာဘ်ရွှင်ဖို့ မစဉ်းစား၊ အာဏာရှိသူ၊ ရာထူးရှိသူတို့ ကြိုးဆွဲရာမကပဲ အမျိုးဘာသာ သာသနာရေး သက်သက်အပေါ်မှာသာ အာရုံစူးနှစ်ထားခဲ့တဲ့ဆရာတော်ကြီး၊ မိမိအသက်နဲ့ အမျိုးဘာသာသာသနာယှဉ်လာလျင် အမျိုးဘာသာဖက်ကို အလေးသာခဲ့တဲ့ဆရာတော်ကြီး။ ခုတော့ ပရိယတ္တိသမိုင်းမှာ တုနှိုင်းဖို့ ခက်ခဲတဲ့ တစ်ခေတ်တစ်ခါမှာ တစ်ပါးတည်းသာ ရှားရှားပါးပါး ပေါ်ပေါက်လာတဲ့ ဆရာတော်ဘုရားကြီး ဘဝခန္ဓာကြွေလို့သွားခဲ့ပြီ။ တရားသံဝေ မယူပါပဲ ငိုထိုက်လို့သာ ငိုလိုက်ကြမယ်ဆိုလျင်ဖြင့် တပည့်စာသင်သားသံဃာတော်တွေရဲ့ လွမ်းမျက်ရည်တွေက သမုဒ္ဒရာရေပြင်ထက် ပိုမိုကျယ်ပြန့်သွားမလားပါ။

စာချတင်လား။ ဘယ်ဟုတ်လိမ့်မလဲ။ စာရေးသူတို့လို ဆရာတော်ဘုရားကြီး ပို့ချတဲ့ပါရာဇိကဏ်စာဝါကို ကိုယ်တိုင်တက်ရောက်သင်ယူဖူးလို့ပဲဖြစ်ဖြစ်၊ ဆရာတော်ရဲ့ မစိုးရိမ်ပါရာဇိကဏ်အဖြေစာအုပ်ကို ကြည့်ရှုဖူးလို့ပဲဖြစ်ဖြစ် အသက်ငါးဆယ်အောက်ရှိ ဓမ္မာစရိယဝင်သံဃာတော်များအနေနဲ့ တစ်နည်းနည်းနဲ့တော့ ဆရာတော်ဘုရားကြီး ကျေးဇူးတရားနဲ့ကင်းသူဆိုတာလည်း အတော်ကို ရှားမှာပါ။ ဆရာတော်ဘုရားကြီးရဲ့ မစိုးရိမ်ပါရာဇိကဏ်ကျမ်းစာအုပ်ကြီးကလည်း ဓမ္မာစရိယစာမေးပွဲသမိုင်းရဲ့ အခိုင်မာဆုံး မှတ်တိုင်ကြီးတစ်ခု မဟုတ်လား။ အသစ်တွေဘယ်လောက်ကောင်းကောင်း အဟောင်းကိုတော့ တလည်လည် ဆိုတဲ့စကားရှိပေမယ့် ဆရာတော်ဘုရားကြီးရဲ့ ကျမ်းစာအုပ်ကြီးနဲ့ပတ်သက်လာလျင် နောက်ထွက်တဲ့ ဘယ်အသစ်တွေမှ ကောင်းတယ်လို့ ဆိုမရနိုင်အောင်ကိုပဲ၊ ခေါင်းဖော်လို့ မရနိုင်အောင်ကိုပဲ ဆရာတော်ဘုရားကြီးရဲ့ ကျမ်းစာကြီးက ခေါင်းမော်မြဲ၊ ခေါင်းပေါ်ဆဲ။ သစ်လွင်ဆဲ။ သစ်လွင်မြဲ။ ဒီစာမေးပွဲနဲ့ ဒီစာသင်စနစ်ရှိနေသမျှ ဆရာတော်ဘုရားကြီးရဲ့ ကျမ်းစာအုပ်ကြီးကလည်း ခန့်ခန့်သန့်သန့် နေရာယူနေဆဲဖြစ်နေဦးမှာပါပဲ။

ဂုဏ်ကိုဂုဏ်မှန်း မသိတဲ့သူတွေကတော့ ချီးကျူးစကားဆိုရမည့်အစား အမနာပစကားတွေကိုသာ ဆိုတတ်ကြတယ်။ ဒါလည်း အဆန်းတော့ မဟုတ်ပါဘူး။ သူတော်ကောင်းမှ သူကောင်းစကားဆိုတတ်လေတာ။ သဘာဝ။

သရီရသာ ဂုဏာနဉ္စ၊ ဒူရ မစ္စန္တ မန္တရံ။
သရီရံ ခဏဝိဒ္ဓံသိ၊ ကပ္ပဋ္ဌာယိနော ဂုဏာ။

ခန္ဓာကိုယ်ကြီးနဲ့ ဒီကိုယ်ကြီးကို အမှီပြုပြီး ရရှိလာတဲ့ ဂုဏ်တွေနဲ့က မတူနိုင်ပါဘူးတဲ့။ ဂုဏ်ရဲ့တည်ရာ ကိုယ်ခန္ဓာကြီး ကွယ်ပျောက်သွားပေမယ့် ဂုဏ်ကတော့ လွယ်လွယ်နဲ့ ပျောက်ကွယ်မသွားပဲ ကမ္ဘာရှည်ကြာ တည်နေတတ်တယ်–တဲ့ နီတိဆရာများက ပြောတယ်။ မြတ်ဗုဒ္ဓကိုယ်တော်တိုင်လည်း –ရူပံ ဇီရတိ မစ္စာနံ၊နာမ ဂေါတ္တံ နဇီရတိ–လို့ မိန့်ထားတယ်။ ရုပ်ခန္ဓာကိုယ်ကြီး ဆွေးမြေ့အိုဟောင်းပေမယ့် အမည်နာမ ဂုဏ်အလှတွေကတော့ အိုကြတယ်လို့ မရှိပါဘူးတဲ့။ ဒီစကားက ဆရာတော်ဘုရားကြီးလို ပုဂ္ဂိုလ်ထူးနဲ့မှ တကယ့်ကို လိုက်ဖက်ညီတဲ့အဆိုပဲ့ါ။

ဘာသာ သာသနာအတွက်၊ တိုင်းပြည်နဲ့ လူမျိုးအတွက် ကိုယ်နဲ့အသက်ကို မငဲ့ကွက်ပဲ ဦးဆောင်ဦးရွက် ထမ်းရွက်ခဲ့တဲ့ဆရာတော်ကြီး၊ တာဝန်ကျေပွန်ခဲ့တဲ့ မဟာလူသား ဆရာတော်ကြီးတပါးမို့ ဘဝလားကောင်းဖို့အတွက် ပူဆွေးကြောင့်ကြဖြစ်နေစရာတော့ အမှန်မလိုပါဘူး။ သို့ပေမယ့် ဆရာတော်ဘုရားကြီးရဲ့ တုနှိုင်းမဲ့ကျေးဇူးဂုဏ်တွေကို မျှော်မှန်းတမ်းတပြီး တပည့်တပမ်းတွေအနေနဲ့တော့ နောင်နှစ်ပေါင်းကြာညောင်းစွာ အောင့်မေ့တမ်းတ သတိရစိတ် ဖြစ်နေဦးမှာကတော့ အမှန်ပါပဲ။ ဆရာတော်ဘုရားကြီးရဲ့ အမည်နာမ ဂုဏ်ဝိသေသတွေကလည်း သာသနာ့သမိုင်း၊ မြန်မာ့သမိုင်း လေဟာပြင်မှာ အစဉ်ထာဝရ ရှင်သန်မွှေးပျံ့ကာ ဝေ့ဝဲလွှင့်ပျံလျက် နေလေဦးမှာလည်း သေခြာလှပါတယ်။ ။

ခြေတော်ဦးခိုက်လျက်<br>
တပည့်<br>
ဉာဏိကာဘိဝံသ<br>
မေတ္တာနန္ဒဝိဟာရ ဓမ္မရိပ်သာ<br>
ကာလီဖိုးနီးယားပြည်နယ်